NSW GOVERNMENT | Education
Public Schools

**The Common Grade Scale for Preliminary Courses**

# အကြိုသင်တန်းများအတွက် အခြေခံတူညီသော အဆင့်အတန်း တိုင်းတာမှုစနစ်

အောက်တွင်ဖော်ပြထားသော အခြေခံတူညီသည့် အဆင့်အတန်း တိုင်းတာမှုစနစ်ကို NSW ပြည်နယ်အတွင်းရှိ ကျောင်းအားလုံး၌ အကြိုအဆင့် ၆ စာသင်နှစ် (Preliminary Stage 6 year) တွင် ကျောင်းသားကျောင်းသူ၏အောင်မြင်မှုကို အစီရင်ခံရန် အသုံးပြုသည်။

အခြေခံတူညီသည့် အဆင့်အတန်း တိုင်းတာမှုစနစ်သည် အဆင့်အတန်း ငါးခုစလုံးတွင် တစ်ခုစီ၌ စွမ်းဆောင်နိုင်မှုကို ဖော်ပြသည်။

| **အဆင့်အတန်း** | **အခြေခံတူညီသည့် အဆင့်အတန်း တိုင်းတာမှုစနစ်** |
|---|---|
| A | ကျောင်းသားကျောင်းသူသည် သင်တန်းတွင်ပါဝင်သည့် အကြောင်းအရာများအပေါ် ကျယ်ကျယ်ပြန့်ပြန့် သိထားကြောင်းနှင့် သက်ဆိုင်ရာ အယူအဆ၊သဘောထားများကိုလည်း နားလည်ကြောင်းပြသနိုင်သည့်အပြင် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာ အမျိုးအစားများစွာနှင့်ပတ်သက်ပြီး မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်နေသည့် ကျွမ်းကျင်မှုများနှင့် လုပ်ငန်းစဉ်များကို လက်တွေ့ အသုံးချသည်။ ထို့အပြင် ကျောင်းသားကျောင်းသူသည် ထိုးထွင်းဉာဏ်ကိုအသုံးပြု၍ ခွဲခြမ်းစိတ်ဖြာခြင်း၊ စိစစ်ချင့်တွက်ခြင်းတို့ကို အသုံးပြုကာ တီထွင်မှုနှင့် အကဲဖြတ်နိုင်းချိန်ခြင်း စွမ်းရည်များကို ပြသသည်။ ကျောင်းသားကျောင်းသူသည် ရှုပ်ထွေးခက်ခဲသော အကြံဉာဏ်များနှင့် သတင်းအချက်အလက်များကို ထိရောက်စွာ အပြန်အလှန် ဆက်သွယ်မှုပြုနိုင်သည်။ |
| B | ကျောင်းသားကျောင်းသူသည် သင်တန်းတွင်ပါဝင်သည့် အကြောင်းအရာများအပေါ် စေ့စပ်သေချာစွာ သိထားကြောင်းနှင့် သက်ဆိုင်ရာ အယူအဆ၊သဘောထားများကိုလည်း နားလည်ကြောင်းပြသနိုင်သည့်အပြင် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာ အမျိုးမျိုးနှင့်ပတ်သက်ပြီး ကောင်းစွာဖွံ့ဖြိုးတိုးတက်ပြီးသော ကျွမ်းကျင်မှုများနှင့် လုပ်ငန်းစဉ်များကို လက်တွေ့ အသုံးချသည်။ ထို့အပြင် ကျောင်းသားကျောင်းသူသည် ခွဲခြမ်းစိတ်ဖြာခြင်း၊ စိစစ်ချင့်တွက်ခြင်းတို့ကို အသုံးပြုကာ တီထွင်မှုနှင့် အကဲဖြတ်နိုင်းချိန်ခြင်း စွမ်းရည်များကို ပြသသည်။ ကျောင်းသားကျောင်းသူသည် ရှုပ်ထွေးခက်ခဲသော အကြံဉာဏ်များနှင့် သတင်းအချက်အလက်များကို ရှင်းရှင်းလင်းလင်း အပြန်အလှန် ဆက်သွယ်မှုပြုနိုင်သည်။ |
| C | ကျောင်းသားကျောင်းသူသည် သင်တန်းတွင်ပါဝင်သည့် အကြောင်းအရာများအပေါ် ပိုင်ပိုင်နိုင်နိုင်သိထားကြောင်းနှင့် သက်ဆိုင်ရာ အယူအဆ၊သဘောထားများကိုလည်း နားလည်ကြောင်းပြသနိုင်သည့်အပြင် ဆက်စပ်စဉ်းစားရမည့် အလားတူ အကြောင်းအရာ အတော်များများအတွက် ကျွမ်းကျင်မှုများနှင့် လုပ်ငန်းစဉ်များကို လက်တွေ့ အသုံးချသည်။ ထို့အပြင် ကျောင်းသားကျောင်းသူသည် သတင်းအချက်အလက်များကို ရွေးချယ်ခြင်းနှင့် ပေါင်းစပ်ခြင်းပြုကာ သက်ဆိုင်ရာ စိတ်ကူးဉာဏ်များကို သင့်လျော်သောနည်းလမ်းဖြင့် အသိပေးနိုင်သည့် စွမ်းရည်များကို ပြသသည်။ |
| D | ကျောင်းသားကျောင်းသူသည် သင်တန်းတွင်ပါဝင်သည့် အကြောင်းအရာများအပေါ် အခြေခံအားဖြင့် သိထားကြောင်းနှင့် သက်ဆိုင်ရာ အယူအဆ၊သဘောထားများကိုလည်း နားလည်ကြောင်းပြသနိုင်သည့်အပြင် ဆက်စပ်စဉ်းစားရမည့် အချို့သော အလားတူ အကြောင်းအရာ အမျိုးမျိုးအတွက် ကျွမ်းကျင်မှုများနှင့် လုပ်ငန်းစဉ်များကို လက်တွေ့ အသုံးချသည်။ ထို့အပြင် ကျောင်းသားကျောင်းသူသည် သတင်းအချက်အလက်များကို ရွေးချယ်ခြင်းပြုကာ သက်ဆိုင်ရာ စိတ်ကူးဉာဏ်များကို ဖွဲ့နွဲ့ပြီး ဆက်သွယ်အသိပေးနိုင်သည့် စွမ်းရည်များကို ပြသသည်။ |
| E | ကျောင်းသားကျောင်းသူသည် သင်တန်းတွင်ပါဝင်သည့် အကြောင်းအရာများအပေါ် သာမန်အားဖြင့် သိထားကြောင်းနှင့် သက်ဆိုင်ရာ အယူအဆ၊သဘောထားများကိုလည်း နားလည်ကြောင်းပြသနိုင်သည့်အပြင် ဆက်စပ်စဉ်းစားရမည့် အလားတူ အကြောင်းအရာ အမျိုးမျိုးအတွက် အချို့သော ကျွမ်းကျင်မှုများနှင့် လုပ်ငန်းစဉ်များကို လမ်းညွှန်မှုဖြင့် လက်တွေ့ အသုံးချသည်။ ထို့အပြင် ကျောင်းသားကျောင်းသူသည် သတင်းအချက်အလက်များကို ပြန်လည်စဉ်းစားပြီး စိတ်ကူးဉာဏ်ကို ဆက်သွယ်အသိပေးနိုင်သည့် အခြေခံစွမ်းရည်များကို ပြသသည်။ |

| **Grade** | **Common Grade Scale for Preliminary Courses** |
|---|---|
| A | The student demonstrates extensive knowledge of content and understanding of course concepts, and applies highly developed skills and processes in a wide variety of contexts. In addition the student demonstrates creative and critical thinking skills using perceptive analysis and evaluation. The student effectively communicates complex ideas and information. |
| B | The student demonstrates thorough knowledge of content and understanding of course concepts, and applies well-developed skills and processes in a variety of contexts. In addition the student demonstrates creative and critical thinking skills using analysis and evaluation. The student clearly communicates complex ideas and information. |
| C | The student demonstrates sound knowledge of content and understanding of course concepts, and applies skills and processes in a range of familiar contexts. In addition the student demonstrates skills in selecting and integrating information and communicates relevant ideas in an appropriate manner. |
| D | The student demonstrates a basic knowledge of content and understanding of course concepts, and applies skills and processes in some familiar contexts. In addition the student demonstrates skills in selecting and using information and communicates ideas in a descriptive manner. |
| E | The student demonstrates an elementary knowledge of content and understanding of course concepts, and applies some skills and processes with guidance. In addition the student demonstrates elementary skills in recounting information and communicating ideas. |